THE WHITE LOTUS GROUP

# ဘုံသုံးပါးမှ စာအိတ်နီအုပ်စု

(ရှောင်ဖေး)

## (Chapter 113 - 126)

စာစဉ် - ၄

## အပိုင်း (၁၁၃)

## အမှောင်ယံည၏သွေးစွန်းလ

"ဦးလေးရဲ့ဒါဏ်ရာတွေက တစ်ကြိမ်ကို သုံးခါကုသရမယ်။ ခြောက်ကြိမ်မြောက် ကုသပြီးရင်တော့ ဒါဏ်ရာဟောင်းတွေ အားလုံး ပြန်ကောင်းသွားမှာပါ။"

ဖူထီက ငွေအပ်များကို သိမ်းရင်းပြောလိုက်သည်။

.....

ဖူထီက ရှောင်ဖေး ပြင်ပေးထားသော ရေနွေးပူပူထဲတွင် ခြေထောက်စိမ်ရင်း အိပ်ယာပေါ်တွင် ထိုင်နေသည်။ဤနည်းလမ်းက ချီသုံးစွဲမှုလွန်ကဲခြင်းမှ ကျန်ရှိသည့် နောက်ဆက်တွဲ ပင်ပန်းနွမ်းနယ်မှုများ ဖြေဖျောက်ရာတွင် အကောင်းဆုံး နည်းလမ်းဖြစ်သည်။

"ဒီနေ့ မင်းရဲ့အကူညီတွေအတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ကျန်တဲ့ကုသမှု ခြောက်ကြိမ်အတွက်လည်း မင်းကိုအားနာနာနဲ့ပဲ ဒုက္ခပေးရတော့မှာပဲ။"

ရှောင်ဖေးက သူမအနားတွင် ရပ်နေရင်း ပြုံးကာပြောလိုက်သည်။

"ရပါတယ်။ ရှင်က သားကောင်းတစ်ယောက်လို့ စိတ်ထဲခံစားမိလို့ကူညီလိုက်တာ။ ရှင့်အဖေရဲ့ ဒါဏ်ရာတွေအတွက်တော့ စိတ်ပူစရာမလိုဘူး။ ကျွန်မအားလုံးကိုပျောက်ကင်းတဲ့အထိကုသပေးမှာပါ။ ဒါပေမယ့် ရှင်သာဥပဒေကို ချိုးဖောက်ပြီး ရာဇဝတ်မှုတစ်ခုခု ကျူးလွန်ခဲ့ရင် ရှင့်ကိုဖမ်းဆီးဖို့

ဝန်လေးနေမှာ မဟုတ်ဘူးနော်။"

ဖူထိက မျက်နှာထားတည်တည်ဖြင့် အလေးအနက်ပြောလိုက်သည်။

ရုတ်တရက် ရှောင်ဖေး မချိုမချဉ် ပြုံးပြီး ပြောလိုက်သည်။

"ဟန်နီ မင်းခြေထောက်ဆေးလို့ပြီးပြီလား။ ပြီးရင် အိပ်ယာဝင်ကြ ရအောင်။"

"ရှောင်ဖေး နင်အရိုက်ခံချင်နေတာလား။ ငါအလေးအနက်ထားပြီးပြော နေတာ။"

ဖူထိ မျက်နှာက မှုန်ကုတ်ကုတ်ဖြစ်သွားပြီး အံ့ကြိတ်ကာအော်လိုက် သည်။

"ရှူး း း း"

ရှောင်ဖေး ဖူထိပါးစပ်ကို အလျင်မြန်လှမ်းပိတ်ပြီး အခန်းတံခါးဝကို လက်ညှိုးထိုးပြလိုက်သည်။

"အမေ အခန်းဝမှာရှိတယ်။ တိုးတိုးပြော။"

ဖူထိ အံ့အားသင့်သွားသည်။ စိတ်ထဲမှာလည်း ထိုအရူးကောင် အခန်းဝမှာ လူရှိတာကို ဘယ်လိုလုပ်ပြီး သိလဲဆိုတာ တွေးမိလိုက်သည်။

"ဟူး..ငါပြီးပြီ။ အိပ်ကျရအောင်။"

ရှောင်ဖေး ပျော်သွားသည်။ စပ်ဖြဲဖြဲမျက်နှာဖြင့် ရင်ခုန်စိတ်လှုပ်ရှားစွာ ကု တင်ပေါ်ခုန်တက်လိုက်သည်။

"မင်း တကယ်ပြောတာနော်"

ဖူထိက ရှောင်ဖေးကို အေးစက်စက်စိုက်ကြည့်ပြီး ပြောလိုက်သည်။

"ငါအိပ်ယာပေါ်မှာအိပ်မယ်။ နင်က ကြမ်းပေါ်ဆင်းအိပ်။ တခြား

ပေါက်ကရတွေ လျှောက်တွေးမနေနဲ့။"

"ရှူးးး"

"ငါ့ အမေငါတို့ကို စောင့်ကြည့်နေတုန်းပဲ။ ဒါကခဏဟန်ဆောင်ပြီး အိပ်နေရုံပဲလေ။ မင်းက ဘာတွေ တွန့်တိုနေတာလဲ။ အမေ ထွက်သွားရင် ငါ ကြမ်းပေါ်ဆင်းအိပ်မယ် ဟုတ်ပြီလား။"

"နင်"

ဖူထိ အံ့ကြိတ်ကာ သက်ပြင်းချလိုက်သည်။ သူမမှာရွေးချယ်စရာမရှိတာကြောင့် အကူညီမဲ့စွာဖြင့် ရှောင်ဖေးနှင့် ခဏအတူတူအိပ်ရန် သဘောတူလိုက်ပြီး ကုတင်တစ်ဖက်တွင် ရှောင်ဖေးကို ကျောပေးကာ ဝင်လှဲလိုက်သည်။

ထို့နောက် ဖူထိက ရှောင်ဖေးကို လှည့်မကြည့်ပဲ အေးစက်စက်ဖြင့် သတိပေးလိုက်သည်။

"နင့်ကိုတစ်ခါတည်း ပြောထားလိုက်မယ်။ ငါ့အသားကိုလာထိလို့ကတော့ နင့်ကိုမျိုးကန်းအောင်လုပ်ပစ်မယ်။"

"စိတ်မပူပါနဲ့။ ငါက သိက္ခာရှိတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ။"

ရှောင်ဖေး ငါးခူပြုံးပြုံးလိုက်သည်။ အိပ်ကပ်ထဲမှ အထုတ်ငယ်တစ်ထုတ်ကို အသာထုတ်လိုက်ပြီး အနောက်မှနေ ဖူထိအပေါ်သို့ မေ့ဆေးပေါင်ဒါမှုန့်များ ဖြူးချလိုက်သည်။

"ဟေ့ ဖရဲသီးမလေး။ အဒေါ်ကြီး...ဟေ့..ဟေ့အလှလေး မင်းသတိရသေးလား။"

ရှောင်ဖေး ဖူထိကို ပေါက်ကရနာမည်မျိုးစုံဖြင့် ခေါ်ကြည့်လိုက်သည်။ ဖူထိဘက်က တုန့်ပြန်မှုမရှိပေ။ ရှောင်ဖေး ဖူထိသတိလစ်သွားတာ သေချာ

စေရန် သူမတင်ပါးကို ခပ်စပ်စပ်လေး ရိုက်ကြည့်လိုက်သည်။ ဒါပေမယ့် ဖူထီက တုတ်တုတ်မလှုပ်ပေ။

"အလုပ်စဖို့အချိန်ကျပြီ"

ရှောင်ဖေး အိပ်ယာပေါ်မှ ခုန်ဆင်းလိုက်သည်။ သူက တစ်ချက်ပြုံးပြီး ပြောလိုက်သည်။

"အရှူးမလေး။ မင်းရဲ့ဥဩဇာလေးတစ်ထွာတစ်မိုက်လောက်နဲ့ငါကို တားချင်တာလား။ တရေးတမောလောက်ကောင်းကောင်းအိပ်လိုက်ဦး။"

ရှောင်ဖေး ဖူထီတင်ပါးကို ကျေနပ်စွာ တစ်ချက်ထပ်ရိုက်လိုက်ပြီး စောင်ခြုံပေးလိုက်သည်။ ထို့နောက် သူမိဘများသတိမထားမိစေရန် အိမ်ထဲမှအလျင်မြန်ထွက်သွားခဲ့သည်။

ချန်ဘသည်ရွာတွင် နှစ်ပေါင်းများစွာ မကောင်းမှုဒုစရိုက်များကျူးလွန်ခဲ့သည်။ ဥပဒေနှင့်အညီ အရေးယူပါက သေနတ်ဖြင့် မသေမခြင်းပစ်သတ်ရင်တောင် သူ့ရဲ့အပြစ်များက ကျေမှာမဟုတ်ပေ။ ထိုသို့ လူ့တိရစ္ဆာန်မျိုးကို တရားဥပဒေဖြင့်စီရင်ခြင်းက သိပ်ကိုသက်ညှာလွန်းရာရောက်ပေသည်။ ထိုလူ့တိရစ္ဆာန်များကို ကိုယ်တိုင်တရားစီရင်မှ သူ့ရင်ထဲကဒေါသများကိုဖြေသိပ်နိုင်မည်ဖြစ်သည်။

သူ့အကြည့်များက ရေခဲအလားအေးစက်နေသည်။အနက်ရောင်ဂျာကင်အင်္ကျီနှင့် ဂူခုံးမျက်နှာဖုံးကို ဝတ်လိုက်ပြီး ကားနောက်ဖုံးတွင်ဒွှဖွက်ပြီးသယ်လာသည့်သံပိုက်လုံးကို ထုတ်ယူလိုက်သည်။ ထို့နောက် ချန်ဘတို့သားအဖရှိရာအရပ်ကို ကြည့်ကာ အေးစက်စက်ပြုံးလိုက်ပြီး အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ ချန်ကလန်ကျေးရွာတွင် အကောင်းဆုံးဗီလာနှစ်ခုရှိသည်။ တစ်ခုမှာ ချန်ဘနေထိုင်ပြီး တစ်ခုမှာချန်ဝမ့်နေထိုင်သည့်ဗီလာဖြစ်သည်။ အထူးသဖြင့် ချန်ဝမ့်၏ဗီလာတွင် ရေကူးကန်၊ ကာရာအို

ကေအခန်း၊ မာကျောက်ကစားသည့်အခန်းနှင့် အမဲရောင်တောဝက်ရိုင်းမွေးသည့်ခြံတို့ကို ထည့်သွင်းထားပြီးရှာတွင် ဘုရင်တစ်ပါးလိုဝံ့ကြွားစွာနေထိုင်သည်။

အမဲရောင်တောဝက်ရိုင်းများ၏ အသားသည်နူးညံ့ကာထူးခြားသောအရသာရှိသော်လည်း ၎င်းတို့၏ရန်လိုတက်သောသဘာဝကြောင့် ဖမ်းဆီးရန်ခက်ခဲပြီး ဈေးကွက်ထဲတွင်အလွန်ရှားပါးသည်။ ထို့ကြောင့် ရွာသားများအနေဖြင့် အမဲရောင်တောဝက်ရိုင်းများကို ဖမ်းဆီးနိုင်ခဲ့ရင်တောင် မစားဝံ့ကြပဲ ချန်ဝမ့်ထံသို့ လာပို့ကြရသည်။

"ဟော့ရောင် မင်းကြားပြီးပြီလား။ ငါတို့ဝိုင်းလုပ်လိုက်တဲ့ကောင်မ လွန်ခဲ့တဲ့လဝက်လောက်က ကိုယ့်ကိုယ်ကိုသတ်သေသွားပြီတဲ့"

ချန်ဝမ့်၏ဇီလာတွင် ခြံစောင့်တစ်ဦးက သူ့လျှာသတ်လိုက်ပြီး ညစ်ညမ်းစွာရယ်မောလိုက်သည်။

ထိုအစောင့်၏ နံဘေးတွင်ရပ်နေသည့် အစောင့်ကလည်း ပြောလိုက်သည်။

"ဟ...ဟ...မင်းက ဘာတွေ အထူးအဆန်း လုပ်နေတာလည်း ဒါက ပထမဆုံးအကြိမ် ဖြစ်တာမှမဟုတ်တာ။ ဘာမှအံ့ဩစရာမရှိဘူး။ ဆရာချန်ဝမ့်နောက်ကိုလိုက်ရင် ဒီထပ်အံ့ဩစရာတွေ အများကြီးကြုံရလိမ့်မယ်။"

"ဟီး...ဟီး...မင်းပြောတာအမှန်ပဲ။ ဒါနဲ့ ငါဒီကိုစရောက်တုန်းက ခြံအလုပ်သမားတစ်ယောက်ရဲ့မိန်းမကို မင်းတို့ဝိုင်းလုပ်လိုက်တယ်လို့ကြားတယ်။ အဲ့ဒါအမှန်ပဲလား။"

ပထမအစောင့်က ဒုတိယအစောင့်ကို မေးလိုက်သည်။

"ဟား...ဟား...ဟုတ်တယ်ကွ။ အဲ့ကောင်မက အရည်ရွှမ်းပြီးစည်းပိုင်နေ

တာ ငါဖြင့်အဲ့ကောင်မအရသာကိုအခုထက်ထိမေ့လို့မရဘူး။ ဒါပေမယ့် အဲ့စောက်ကောင်မက သူ့လင်အတူတူနဲ့ အဆိပ်သောက်ပြီးသတ်သေသွားတယ်လေ..."

ဒုတိယအစောင့်က မနှစ်မြို့စရာအသံဖြင့်ရယ်မောလိုက်သည်။

ဘုန်း၊၊၊၊၊၊

သူရယ်မောလိုမဆုံးသေးခင် အမှောင်ရိပ်ထဲမှသံပိုက်လုံးတစ်ချောင်း ပြေးထွက်လာပြီး သူ့ခေါင်းကိုရိုက်ခွဲလိုက်သည်။ ဒုတိယအစောင့်၏ခေါင်းက ဖရဲသီးတစ်လုံးလို ကွဲကျေသွားပြီး သွေးနှင့်ဦးနှောက်များက နေရာအနှံ့သို့ပြန့်ကျဲသွားသည်။

"အ...အား၊၊၊၊၊၊"

ပထမအစောင့်မျက်နှာပေါ်သို့ သွေးနှင့်ဦးနှောက်စများပေပွသွားသည်။ ပထမအစောင့်လည်း ကြောင်အနေရာမှ ထိတ်လန့်တကြားအော်ဟစ်ပြီး အနောက်သို့လှည့်ပြေးသည်။

ဝိုး...ဆွပ်

သံပိုက်လုံးက အနောက်မှ လှံတစ်ချောင်းလိုပျံဝဲလာပြီး အစောင့်၏နောက်မှအရှေ့သို့ ထုတ်ခြင်းပေါက်ဖေါက်ထွက်သွားသည်။ ပထမအစောင့်၏ နှလုံးနှင့်အဆုတ်ပြီး ပေါက်ကွဲပျက်စီသွားပြီး ရှေ့သို့ခြေလှမ်းအနည်းငယ်ပြေးပြီးနောက် ပစ်လဲကျကာငရဲသို့ တိုက်ရိုက်ရောက်သွားသည်။

ဒင်

[မကောင်းသောလူတစ်ယောက်ကို ဖယ်ရှားသုတ်သင်လိုက်သည်။ သင်ကုသိုလ်မှတ် ၁၀၀ရရှိခဲ့သည်။]

ဒင်

[မကောင်းသော လူတစ်ယောက်ကို ဖယ်ရှားသုတ်သင်လိုက်သည်။ သင်ကုသိုလ်မှတ် ၁ဝဝရရှိခဲ့သည်။]

ဒင်

[သင်၏ လက်ရှိကုသိုလ်မှတ်မှာ ၂၄၈၇မှတ်ဖြစ်သည်။နောက်တစ်ဆင့်ထပ်တက်ရန် ကုသိုလ်မှတ် ၇၅၁၃မှတ်လိုအပ်သည်။]

"ဒီလို လူ့တိရစ္ဆာန်ကောင်တွေကို သတ်ရတာတော်တော်ကျေနပ်ဖို့ကောင်းတာပဲ"

ရှောင်ဖေး အေးစက်စက်ပြုံးလိုက်ပြီး သွေးများပေကျံနေသော သံပိုက်လုံးကိုကိုင်ကာ ဗီလာထဲသို့ဝင်သွားခဲ့သည်။ ဓားပျံလေးက သူ့အနောက်မှကပ်ကာ ပျံဝဲလိုက်ပါလာပြီး အလောင်းကောင်များထံမှ သွေးအဆီနှစ်များအားစုပ်ယူစားသုံးလိုက်သည်။

ချန်ဝမ့်သည် မကောင်းမှုဒုစရိုက်များစွာကို ကျူးလွန်လေ့ရှိတာကြောင့် သူ့ကိုသူကာကွယ်ရန်အလို့ငှာ ကိုယ်ရံတော်များစွာကို ငှားယမ်းထားသည်။ ထို့ကြောင့် ဗီလာထဲတွင် အစောင့်များစွာရှိနေမည်မှာ မေးစရာတောင်မလိုအပ်ပေ။ ဒါပေမယ့်လည်း ရှောင်ဖေး၏ရှေ့တွင် ထိုကြမ်းရမ်းပါသည်ဆိုသော်ကိုယ်ရံတော်များက ကြက်ပေါက်၊ ငှက်ပေါက်လေးများအလား လည်စင်းပေးခဲ့ရသည်။ ရှောင်ဖေး ထိုလူများအားလုံးကို နည်းနည်းလေးတောင်ချမ်းသာမပေးပဲ ငရဲသို့တိုက်ရိုက်ပို့ပေးခဲ့သည်။

ဒင်

[သင်၏လက်ရှိ ကုသိုလ်မှတ်မှာ ၃၇၈၇မှတ်ဖြစ်သည်။နောက်တစ်ဆင့်ထပ်တက်ရန် ကုသိုလ်မှတ် ၆၂၁၃ မှတ်လိုအပ်သည်။]

ဗီလာထဲတွင် ချန်ဝမ့်တစ်ယောက် လက်တစ်ဖက်တွင် အိမ်သာသုံးစက္ကူလိတ်ကိုင်ထားပြီး ဂျပန်လုပ်ပိုဖြူလေးများ၏ ညစ်ညမ်းဓါတ်ပုံများကိုကြည့်ပြီး လက်မောင်းလေ့ကျင့်ခန်းလုပ်နေသည်။ လေ့ကျင့်ခန်းက အထွတ်အထိပ်ရောက်နေတာကြောင့် ရှောင်ဖေးသူ့အနောက်ရောက်လာတာတောင် သတိမထားမိခဲ့ပေ။

"မင်း ပြီးသွားပြီလား"

ရှောင်ဖေး ချန်ဝမ့်အား စူးရဲစွာစိုက်ကြည့်ပြီး အေးစက်စက်မေးလိုက်သည်။

"အင်း...ပြီးသွား...အမ်..မင်းကိုဘယ်သူကလာခွင့်ပြု"

ချန်ဝမ့် ယောင်နနဖြင့်ဖြေလိုက်ပြီးမှ နောက်သို့ဒေါသတကြီးဖြင့်လှည့်ကြည့်လိုက်သည်။ သွေးစက်လတ်ကျနေသည့် သံပိုက်လုံးကိုကိုင်ထားပြီး မျောက်နှာဖုံးဝတ်ထားသည့် လူစိမ်းတစ်ယောက်ကို တွေ့လိုက်ရတာကြောင့် သူထိတ်လန့်သွားသည်။ လူစိမ်းပုံစံက ခန္ဓာကိုယ်တွင်သွေးများပေကျံနေပြီး ငရဲမှတွားသွားတက်လာသည့် မိစ္ဆာတစ်ကောင်နှင့် တူလှတာကြောင့် ချန်ဝမ့်နှလုံးကို လက်အေးကြီးဖြင့် ဖျစ်ညစ်လိုက်သလို ခံစားလိုက်ရသည်။

"မင်း...မင်းဘယ်သူလဲ။ ငါ့ဆီကဘာလိုချင်လို့လဲ။"

ချန်ဝမ့် ရင်တစ်ခုလုံး မွန်းကြပ်သွားပြီး နှလုံးကသူ့လည်ချောင်းထဲမှ ခုန်ထွက်လုနီးပါးခုန်ပေါက်လာသည်။

"မင်းက ဒီလောက်မကောင်းမှု မျိုးစုံကျူးလွန်ခဲ့တာတောင် ငါမင်းစီလာရတဲ့အကြောင်းရင်းကိုမေးနေသေးတာလား။ တုံးအလိုက်တာကွာ။"

ရှောင်ဖေးက ခံစားချက်မရှိသည့် လေသံဖြင့်ပြန်ဖြေလိုက်သည်။

"မင်း...မင်းကင့ါရန်သူလား"

ချန်ဝမ့် ရှော့ရသွားသည်။ သူ့မှာ ရန်သူများစွာရှိသော်လည်း သူ့အရှေ့မှ လူစိမ်းက ဘယ်သူဘယ်ဝါဖြစ်မှန်း ခန့်မှန်းလို့မရပေ။

"ငါ...ငါမင်းကိုမမှတ်မိဘူး။ ဒါပေမယ့် မင်းကိုတောင်းပန်ချင်တယ်။ မင်းရဲ့ ဆုံးရှုံးနစ်နာမှုတွေအတွက် ငါလျော်ကြေးပြန်ပေးမယ်။ မင်းဘယ်လောက် လိုချင်လဲ ငါခုချက်ခြင်းပေးမယ်။"

ချန်ဝမ့် သူထိခိုက်ခံစားရမည့်ဘေးမှ ရှောင်ရှားရန်ငွေဖြင့်ကမ်းလှမ်းရန်မှ တပါး အခြားရွေးချယ်စရာရှာမတွေ့ခဲ့ပေ။

"ဟမ့်...ငါက မင်းရဲ့ညစ်ပတ်တဲ့ ငွေတွေကိုလက်ခံမယ်လို့ထင်နေတာလား။မင်းလုပ်ခဲ့တာတွေအတွက် ပြန်ပေးဆပ်ရမယ့်အချိန်ရောက်ပြီ။"

ရှောင်ဖေး အသံက ရေခဲမြစ်ကို ဖြတ်သန်းတိုက်ခတ်လာသည့်လေများအလား အလွန်မင်းအေးစက်မာကျောနေသည်။

"မင်း...မင်းငါ့ကိုထိခိုက်အောင်လုပ်လို့မရဘူး။ ငါ့အဖေက ချန်ဘပဲ။ မင်း ငါ့ကိုထိရဲရင်ငါ့အဖေက မင်းတို့တစ်မိသားစုလုံးကိုသတ်ပစ်လိမ့်မယ်။"

ရှောင်ဖေးအရှေ့တိုးလာတာကြောင့် ချန်ဝမ့်ကြောက်လန့်တကြားဖြင့် သူ့အဖေနာမည်သုံးပြီး ရှောင်ဖေးကိုခြိမ်းခြောက်လိုက်သည်။

"ဒါကို မင်းစိတ်ပူစရာမလိုဘူး။ မင်းကိစ္စပြီးရင် ငါကိုယ်တိုင် မင်းအဖေဆီ အလည်သွားလိုက်မယ်။"

ရှောင်ဖေး မခိုးမခန့်ပြုံးပြီးပြောလိုက်သည်။

"ခွေးမသား...ငါမင်းကိုသတ်မယ်"

ရှောင်ဖေးက သူ့ပြောတာကို လက်ခံမည်မဟုတ်မှန်း သိလိုက်ရတာကြောင့် အာရုံလွှဲရန် လက်ထဲမှ အိမ်သာသုံးစက္ကူလိပ်ဖြင့် ရှောင်ဖေး၏ မျက်နှာကို ပစ်ပေါက်လိုက်သည်။ ထို့နောက် စံအိမ်တံခါးသို့ ထွက်ပြေးသွားသည်။

"ဟမ့်…မင်းကထွက်ပြေးချင်နေတာလား။"

ရှောင်ဖေး အိမ်သာသုံးစက္ကူလိပ်ကို အလွယ်တကူရှောင်လိုက်ပြီး အေးစက်စက်ပြုံးလိုက်သည်။ ထို့နောက် လက်ထဲမှသံပိုက်လုံးကို မြှောက်လိုက်ပြီး လောဟန်၏နဂါးအသိုက်ဖျက်ဆီးချင်းသိုင်းကွက်ကို သုံးလိုက်သည်။

ဝှီး…စွပ်

သံပိုက်လုံးက လုံ့တစ်ချောင်းပမာပျံဝဲသွားပြီး ချန်ဝမ့်၏အနောက်ပိုင်းကို တည့်တည့်မတ်မတ်စိုက်ဝင်သွားသည်။ နောက်ပိုင်းမှ အသည်းခိုက်မတက်နာကျင်မှုက လှိုက်တက်လာတာကြောင့် ချန်ဝမ့်ဝက်အော်သလို အော်ဟစ်လိုက်ရသည်။

"အားးးး…အူးးး…အားးး"

မူလ သေးငယ်သောခရေပွင့်လေးက လက်ရှိချိန်တွင် လက်သီးဆုပ်တမျှကြီးကျယ်သွားပြီး အဝတွင်သံပိုက်လုံးက အလံတိုင်ပမာထောင်မတ်နေသည်။ ထိုမြင်ကွင်းက အလံတိုင်ထောင်ထားသည်နှင့်တူသော်လည်း အလံတစ်ချောင်းလို ကြည့်မကောင်းသည်မှာတော့ အမှန်ပင်ဖြစ်သည်။

***